# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကျား/မ တန်းတူညီမျှရေး နှင့် အမျိုးသမီးကဏ္ဍ မြှင့်တင်ရေး ဆိုင်ရာ မူဝါဒ ၂၀၁၉ - ၂၀၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအားလုံး၏ ကဏ္ဍ အဆင့်ဆင့် တို့တွင် ကျား / မ တန်းတူညီမျှရေး နှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေးတို့ကို အားပေးရန်အတွက် မူဝါဒ တစ်ရပ်ကို ရေးဆွဲခဲ့ပါသည်။ မူဝါဒ၏ ရည်ရွယ်ချက်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျား/မ တန်းတူရေးကို အလေးထား ထည့်သွင်း စဉ်းစားပြီး အားလုံးပါဝင်နိုင်မှုရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်လာ စေရန် အတွက် ဦးစားပေး ဆောင်ရွက်ရန်ဖြစ်ပါသည်။

အမျိုးသမီးများ၊ အမျိုးသားများ နှင့် အခြားသော လိင်ဝိသေသခံယူထားသူများအား တန်းတူညီမျှ စွာ ဆက်ဆံ ရမည်ဖြစ်ပါသည်။ ၎င်းတို့အားလုံးသည် အခွင့်အလမ်းများ၊ ရင်းမြစ်များ နှင့် သတင်းအချက် အလက်များကို တန်းတူညီမျှစွာ လက်လှမ်းမီနိုင်ရမည် ဖြစ်ပါသည်။

လိင်ဝိသေသကွဲပြားစွာခံယူထားသူ အားလုံးတို့သည် မဲဆန္ဒရှင်များအဖြစ် လည်းကောင်း၊ ကိုယ်စားလှယ် လောင်းများအဖြစ်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခံ ကိုယ်စားလှယ် များအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်ကြရမည် ဖြစ်ပါသည်။

ဤမူဝါဒသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မူဝါဒလမ်းညွှန်ချက်များ နှင့် မဟာဗျူဟာ အခန်း (၁၁) ခုတို့အပေါ်တွင် အခြေခံထားပါသည်။




**၂၀၁၉ ခုနှစ်တွင် ချမှတ်ခဲ့သော မူဝါဒအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်) နှင့် ကော်မရှင်အဖွဲ့ခွဲအသီးသီး တို့ရှိ ဝန်ထမ်းများအား ထောက်ပံ့ကူညီရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ ခွဲအသီးသီးထံသို့ မျှဝေထားပါသည်။ မူဝါဒသည် မဲဆန္ဒရှင်များ၊ လွှတ်တော်ကိုယ်စားလှယ် များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုပါသည်။**

လူတိုင်းကို
လေးစားလျက်



**“ကျား/မတန်းတူညီမျှရေးဟာ ရွေးကောက်ပွဲဖြစ်စဉ်ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အမျိုးသားများ၊ အမျိုးသမီးများ၊ လိင်ဝိသေသကွဲပြားသူများ (LGBTQI) ကို မဲဆန္ဒရှင်တွေအဖြစ်၊ ကိုယ်စားလှယ်လောင်းတွေအဖြစ်၊ ရွေးကောက်ခံကိုယ်စားလှယ်တွေ အဖြစ် ပိုမိုပါဝင်လာနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။”**

ဦးလှသိန်း
ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

---

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Facebook လင့် - https://www.facebook.com/uecmyanmar

ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်ကွန်ယက် (MERIN)၏ Facebookလင့် - https://www.facebook.com/merin.org.mm

ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်ကွန်ယက် (MERIN) ၏ဝဘ်ဆိုဒ်လင့် - https://merin.org.mm/mm/page/53

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝဘ်ဆိုဒ်လင့် - https://uec.gov.mm

---

Australian Aid

Canada

DENMARK

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Swiss Agency for Development and Cooperation SDC

UKaid

USAID
FROM THE AMERICAN PEOPLE

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



# ကျား/ မ တန်းတူညီမျှရေး နှင့် အမျိုးသမီးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ မူဝါဒ

၂၀၁၉-၂၀၂၂

လူတိုင်းကို
လေးစားလျက်

## ရွေးကောက်ပွဲများတွင် အားလုံးတန်းတူညီမျှစွာ ပါဝင်နိုင်ရေး - ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပန်းတိုင်များသည် လူတိုင်း၏ ပန်းတိုင်များပင်ဖြစ်သည်။

ကျား / မရေးရာ ကဏ္ဍအား အလေးထားထည့်သွင်းစဉ်းစားခြင်း နှင့် အားလုံးပါဝင်မှုရှိစေရေး လုပ်ဆောင်ခြင်းတို့ ရှိနေသော်လည်း မကြာသေးမီအချိန်အထိ အချို့သော အစုအဖွဲ့များ (အထူးသဖြင့် အမျိုးသမီးများ) သည် မြန်မာနိုင်ငံရှိ နိုင်ငံရေးကဏ္ဍတွင် တန်းတူရည်တူ ပါဝင်ဆောင်ရွက်နိုင်ရန် အခက်အခဲများ ကြီးကြီးမားမား ရှိနေသေးသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုအဆင့်

**၁၃၃ / ၁၄၉**

မြန်မာနိုင်ငံသည် အမျိုးသမီးများ၏ နိုင်ငံရေးကဏ္ဍမြှင့်တင်ရေးအဆင့် (ကမ္ဘာလုံးဆိုင်ရာ ကျား / မ ကွာဟမှု ၂၀၁၈ - ကမ္ဘာ့စီးပွားရေးဖိုရမ်)

မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုအဆင့်

**၁၅၇ / ၁၉၀**

နိုင်ငံတကာအဆင့်တွင် မြန်မာနိုင်ငံသည် နိုင်ငံတော်အဆင့် (ပြည်ထောင်စုအဆင့်) လွှတ်တော်များရှိ အမျိုးသမီးများ၏ကိုယ်စားပြုမှု (Inter-Parliamentary Union)

အမျိုးသမီးများပါဝင်မှု အခြေအနေ

**၁၃%**

ပြည်ထောင်စုအဆင့် လွှတ်တော်တွင် အမျိုးသမီးကိုယ်စားလှယ် ရာခိုင်နှုန်း

အမျိုးသမီးများပါဝင်မှု အခြေအနေ

**၁၂.၉%**

တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်များတွင် အမျိုးသမီးကိုယ်စားလှယ် ရာခိုင်နှုန်း

မြန်မာနိုင်ငံ၏

**တတိယအနည်းဆုံးကိုယ်စားပြုမှုအဆင့်**

အရှေ့တောင်အာရှရှိ အမျိုးသမီးများနိုင်ငံရေး ကိုယ်စားပြုမှုအဆင့်တွင် အောက်ဆုံး အဆင့် (၃) တွင် ရှိသည်။

## မဟာဗျူဟာစီမံကိန်း အခန်း (၁၁) ခု

ကျား / မတန်းတူညီမျှရေး နှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ဦးစားပေးလုပ်ငန်းဖြစ်သည်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာ စီမံကိန်း (၂၀၁၉ – ၂၀၂၂) တွင် တွေ့ရှိနိုင်မည်ဖြစ်ပြီး၊ မဟာဗျူဟာစီမံကိန်းပါ မဟာဗျူဟာ အခန်း (၁၁) ခုတွင် ဖော်ပြထားပါသည်။

**၁ ဥပဒေရေးရာမူဘောင်**
ကျား / မတန်းတူညီမျှရေးကို မြှင့်တင်ပေးရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွင် မူဝါဒလမ်းညွှန်ချက်များ နှင့် ကျင့်ဝတ်များကို ထည့်သွင်းရေးဆွဲသွားမည်။

**၂ ဝန်ထမ်းများ၏ ကျွမ်းကျင်မှုစွမ်းရည် မြှင့်တင်ဆောင်ရွက်ရေး**
ကျား၊မ ရေးရာ အသိပညာပေးသင်တန်းများသည် လုပ်ငန်းခွင်ဆိုင်ရာလုံခြုံစိတ်ချရမှုကို တိုးတက်လာစေနိုင်ပြီး ဆုံးဖြတ်ချက်ချမှတ်သည့်နေရာများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်စေမည် ဖြစ်ပါသည်။

**၃ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ပြုစုခြင်းနှင့် ထိန်းသိမ်းစောင့် ရှောက်ခြင်း**
မဲဆန္ဒရှင်စာရင်းပြုစုခြင်း နှင့် မဲဆန္ဒရှင်စာရင်းမွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းစဉ်များတွင် ကျား/မ မရွေး လိင်ဝိသေသကွဲပြားသူမရွေး ပါဝင်နိုင်ရမည်။

**၄ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ နှင့် သမာသမတ်ကျခြင်း**
ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများဖြစ်သည့် လုံခြုံရေး၊ ကြားဝင်စေ့စပ်ရေး နှင့် မဲရုံတာဝန် ထမ်းဆောင် ရေးတို့တွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်မည် ဖြစ်သည်။

**၅ နိုင်ငံသား နှင့် မဲဆန္ဒရှင်ပညာပေးခြင်း**
မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများတွင် အသုံးပြုမည့် သင်ရိုးများသည် ကျား / မဆိုင်ရာ ဟန်ချက်ညီမှုကို ထည့်သွင်း ရေးဆွဲမည်ဖြစ်ပြီး၊ အမျိုးသမီးများက အဆိုပါ သင်ရိုးများကို လက်တွေ့ပို့ချရာတွင် ကူညီပေးနိုင်မည်ဖြစ်သည်။

**၆ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းခြင်း**
ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ၊ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင် အမျိုးသမီး တရားသူကြီးများအပါအဝင် အမျိုးသမီးများ ပိုမိုပါဝင်ဆောင်ရွက်လာနိုင်မည်။

**၇ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံရေး**
ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများ၏ လုပ်ဆောင်ချက်များကို ကျား / မတန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍ မြှင့်တင်ရေး ဆိုင်ရာမူဝါဒတွင် ပေါင်းစပ်ထည့်သွင်းသွားမည်ဖြစ်သည်။

**၈ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း**
အမျိုးသမီးများ၊ တိုင်းရင်းသားလူမျိုးများနှင့် မသန်စွမ်းသူများအားလုံးတို့သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များရှိ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် ပါဝင်နိုင်ရမည်ဖြစ်ပြီး၊ ၎င်းတို့၏ ပါဝင်မှုကို အတားအဆီးဖြစ်စေသော ရုပ်ပိုင်းဆိုင်ရာ နှင့် လူမှုရေးပိုင်းဆိုင်ရာ အတားအဆီးများကို ဖယ်ရှားသွားမည်ဖြစ်သည်။

**၉ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာမှု နှင့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ အသုံးစရိတ်**
အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပေါ်ထွက်လာရေးကို အားပေးမည်ဖြစ်ပြီး၊ အမျိုးသမီးကိုယ်စားလှယ်လောင်းများအား ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်၊ ကိုယ်စားလှယ်လောင်းရွေးချယ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းနှင့် စည်းမျဉ်းစည်းကမ်း များဖောက်ဖျက်ခြင်းကဲ့သို့သော နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေများနှင့် ပတ်သက်၍ ပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်။

**၁၀ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်း**
ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခြင်းလုပ်ငန်းစဉ်များအားလုံးတွင် အမျိုးသမီးများ၏ ပါဝင်မှု တိုးတက်လာစေရန် အတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများကို အားပေးသွားမည်။

**၁၁ စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း၊ စိစစ်သုံးသပ်ခြင်း နှင့် စီမံကိန်းရေးဆွဲခြင်း**
မူဝါဒတွင် ဖော်ပြထားသည့်အတိုင်း ကျား / မ တန်းတူညီမျှမှုကဏ္ဍအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာခြင်း၊ စိစစ်သုံးသပ်မှုများပြုလုပ်သွားမည်ဖြစ်ပြီး၊ ရွေးကောက်ပွဲများတွင် အမျိုးသမီးများ၏ ပါဝင်မှု တိုးတက်လာစေမည့် အခွင့်အလမ်းများနှင့် တိုးတက်မှုအတွက် အတားအဆီးများကိုလည်း စောင့်ကြည့်လေ့လာ စိစစ်သုံးသပ်သွားမည်ဖြစ်သည်။

## နှောင့်ယှက်တိုက်ခိုက်ခြင်းဆိုတာ ဘာလဲ ?

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဟာဗျူဟာမူဝါဒ နှင့် မဟာဗျူဟာ လုပ်ငန်း စဉ်တို့နှင့်အညီ ၎င်း၏ လုပ်ငန်းခွင်များတွင် မည်သည့် နှောင့်ယှက်တိုက်ခိုက်မှု၊ ခွဲခြားဆက်ဆံမှုကိုမျှ လုံးဝလက်သင့်မခံသော နည်းလမ်းကို ကျင့်သုံးလျက်ရှိသည်။




- ရှောင်ကြဉ်ရမည့် မှတ်ချက်များနှင့် လက်သင့်ခံနိုင်ဖွယ်မရှိသော မှတ်ချက်များ၊
- လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှု ဖြစ်စေသည့် ရုပ်ပိုင်းဆိုင်ရာ အပြုအမူများ
- လူတစ်ဦးအား သိက္ခာကျစေသော၊ အရှက်ရစေသော သို့မဟုတ် အရှက်တကွဲ ဖြစ်စေသော မည်သည့် အပြုအမူမျိုးမဆို။
- ခြိမ်းခြောက်မှုပါသော ဝန်းကျင်တစ်ခုကို ဖြစ်ပေါ်စေသည့် မည်သည့် အပြုအမူမျိုးမဆို။
- လူတစ်ဦးအား မလုံခြုံမှုကို ခံစားရခြင်း သို့မဟုတ် အန္တရာယ်ရှိသည်ဟု ခံစားရခြင်း ကိုဖြစ်စေသည့် မည်သည့်အပြုအမူမျိုးမဆို။
- စိတ်အနှောင့်အယှက်ဖြစ်စေသော၊ ခြိမ်းခြောက်မှု သို့မဟုတ် စိတ်ကသိကအောက် ဖြစ်စေသော မည်သည့်အပြုအမူမျိုးမဆို။

## Covid-19

ကျွန်ုပ်တို့၏ဝန်းကျင်သည် အဖိုးတန်လှပါသည်။ သင်၏ လုပ်ဖော်ကိုင်ဖက်များကို လေးစားပါ။ သင့်ကိုယ်သင် လေးစားပါ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဝန်ကြီးဌာန၏ အကြံပြုချက်များကို လိုက်နာပါ။

- လက်ကိုခဏခဏဆေးပါ။
- နှာချေခြင်း၊ ချောင်းဆိုးခြင်းများ ဖြစ်လျှင် ပါးစပ်နှင့် နှာခေါင်းတို့ကို အုပ်ထားပါ။
- ကိုယ့်မျက်နှာကို မကိုင်တွယ်ပါနှင့်။
- လက်ဆွဲနှုတ်ဆက်ခြင်း မပြုပါနှင့်။
- ခပ်ခွာခွာနေပါ။
- မျက်နှာဖုံးတပ်ပါ။